သွားကြမည် ဆိုလျှင် ပူပြင်းလှသော ဘ ဂ သဲကန္တာရ ရှိ ခရီးသွားများအတွက် အေးမြမှုကို ပေးနိုင်ကြပါလိမ့်မည်။ ထိုထက် ထူးမြတ်သော အခွင့်အလမ်းမှာ တစ်ပါး သူ အကျိုး သယ်ပိုး မည်ဟု စိတ်ဆန္ဒ ရှိသူများ အတွက် ဘုရားသခင့် ကတိ တော် ခွန်အား ပေးချက်မှာ "ငါ၏ နာမည်ဖြင့် တစ်ပါးသူအား ရေတစ်ခွက် ကိုပင် ပေးအံ့ ထိုသူသည် အချည်း နှီး မဖြစ်စေရ"ဟုဆိုထားပါသည်။ ။ နာမတော်မြတ်၌ - ဆယ်မြူရယ်စိုးလွင်

---



**ထိုသူသည်လဲသော်လည်းဆုံးရာသို့ မရောက်ရ။**
**ဘုရားရှင်စောင့်ထိန်းမှုမည်လက်တော်ဖြင့်။** ဆာလံ ၃၇း၂၃-၂၄

*မင်းအောင်သက်လွင်*

[[ကောင်းသော သူ၏ ခြေရာ ဘုရားရှင် ပဲ့ပြင်၍ သူ သွားရာလမ်းကို နှစ်သက်မှု၏ ထိုသူသည် လဲသော်လဲ **ဆုံး**ရာသို့ မရောက်ရ၊ ဘုရားရှင် စောင့်ထိန်းမှုမည် လက်တော်ဖြင့်။]] ဟူသော ကျမ်းချက်ပါ သီချင်းလေးအား အသေးစိတ် လေ့လာ ကြည့်ကြပါစို့။

[ကောင်းသောသူ] - မည်သို့သော သူသည် ကောင်းသောသူ ဖြစ်ပါသနည်း။ မည်သူကို ကောင်းသောသူ ဟု ခေါ်**ဆို** ပါသနည်း။ အရက်သေစာ မမိုး သူ။ ပြည့်တန်**ဆာ** မမိုက်သူ၊ လောင်းကစား အ**ဂ**တိ မလိုက်စားသူ။ စာတတ် ပေတတ် ပညာတတ်။ ရာထူး ကြီးသူကို ကောင်းသောသူ ဟု လူအများက ထင်တတ် ပါသည်။ မှန်သင့် သလောက် မှန်ပါသည်။ ရာခိုင်နှုန်း ပြည့်တော့ မမှန်ပါ။

ကျမ်းစာက ကောင်းသောသူ မရှိ။ တစ်ယောက်မှ မရှိ။ လူအပေါင်း တို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေ ပျက်ကြပြီ ဟု **ဆို**ထား ပါသည်။ အသင်းတော်ထဲတွင် လောင်းကစား လုပ်သူ။ သွေးသား ဖောက် ပြန်သူ။ အရက်သေစာ သောက်စားသူကို မကောင်းသောသူ ဟု သတ်မှတ် ကာ အထင်အမြင် သေးတတ်ကြသည်။ မိမိ ကိုယ်တိုင်က ဒုစရိုက် မပြုသော်လည်း သူများကို အထင်သေးတတ်၊ အပြစ် မြင်တတ်သော သူပင်လျှင် ဘုရားသခင် ရှေ့၌ ဒုစရိုက်လုပြုသူနှင့် အပြစ်ရှိပုံချင်း အတူတူပင် ဖြစ်ပါသည်။ ယောဟန် **၈** ထဲမှာ- တစ်နေ့တော့ ကျမ်းတတ် ဖာရိရှဲတွေက မတရားသော အမှုကို ပြုနေ သော မိန်းမငယ်အား ဖမ်း**ဆီး** ခေါ်**ဆောင်**ကာ ယေရှု ခရစ်တော် ထံ တရား စီရင် ချက် ချခိုင်းပါတယ်။ ကိုယ်တော် ပြန်ဖြေတာက သိပ်ရှင်းသလို သိပ်လဲ ကြောက် ဖို့ ကောင်းပါတယ်။ သင်တို့တွင် အပြစ်ကင်းသော သူသည် ခဲနှင့် စ ပေါက်စေ။ တဲ့။ အပြစ်ကင်းသူက စ လုပ်ပါ လို့ပြောတာပါ။ **ဆို**လိုတာကတော့ သူများကို အပြစ်တင် တတ်တဲ့ မင်းတို့လဲ အပြစ် မကင်းပါဘူးလို့ ပြောလိုက်တာပါ။ ဒါ**ဆို** ဘုရား သခင့် အမြင်မှာ ကောင်းတဲ့ သူ မရှိပါ။



ဘုရားသခင့် စံချိန်နဲ့ ကောင်းသော သူလို့ သတ်မှတ် ခံရသူဟာ မိမိ ကိုယ်ကို အပြစ်ရှိတယ်လို့ နောင်တရပြီး အပြစ်လွှတ်ပိုင်ရှင် သခင်ယေရှုကို ကယ်တင်ရှင် အဖြစ် ယုံကြည်လက်ခံကာ ယေရှုခရစ်တော်ရဲ့ အသွေးတော်၌ မိမိ အပြစ်ကို **ဆေး**လျှော် ပြီးသောသူကို ကောင်းသောသူ လို့ ခေါ်ခြင်း ဖြစ်ပါတယ်။

[ သူ၏ ခြေရာ] ခြေရာ လို့ ခေါ်ရခြင်းမှာ သူ သွားလာ ခဲ့ဖူးသော နေရာများကို **ဆို**လို ပါသည်။ လူသည် ခြေထောက်ဖြင့် သွားလာရသည်။ ရပ်တည် ရပါသည်။ လူ့ခန္ဓာ တစ်ခုလုံး လိုရာ သွားနိုင်ရန်။ အလုပ် လုပ်နိုင်ရန် ခြေထောက် ကသာ အဓိက ထောက်ပံ့ လုပ်ကိုင်ပေးရပါသည်။ သူ သွားလာ၊ သူ လုပ်ကိုင်ခဲ့သမျှသော အမှုအရာ များကို **ဆို**လိုပါသည်။

[ဘုရားရှင် ပဲ့ပြင်၍] လောကမှာ လူတွေဟာ သူတို့ကို **ဆုံး**မ ပဲ့ပြင်ပေးသူ၊ သူတို့ ပညာ **ဆည်း**ပူးရာ ကျောင်းတော်။ တက္ကသိုလ်များ နှင့် မိမိတို့ကို သင်ကြား ပေးသော စာချပုဂ္ဂိုလ် များကို ဂုဏ်ယူ ဖော်ပြလေ့ရှိပါသည်။ ငါ က ဘယ်ကျောင်း **ဆင်း**ကွ။ ငါက ဘယ် တက္ကသိုလ်ကို တက်ခဲ့တာကွ။ ငါ့ **ဆရာ**က ဘယ်သူကွ။ အစ ရှိသဖြင့်။ **မင်္ဂလာ ဆောင်ရာတွင်၎င်း။ သေဆုံးချိန်တွင်၎င်း မိမိတို့ အမည် နောက်တွင် မိမိတို့ တက်ရောက်ဆည်းဖူး သွန်သင်ပဲ့ပြင်ခြင်း ခံရသော ဘွဲ့ထူး များကို ဖော်ပြလေ့ ရှိကြပါသည်။ ယခု ကိစ္စတွင် ထိုကောင်းသော သူကို သွန်သင် သူမှာ အောက်စဖို့စ် တက္ကသိုလ် မဟုတ်။ စင်ကာပူ က နာမည်ကြီး တက္ကသိုလ်များ ဖြစ်သော** NTU, NUS တို့ မဟုတ်။ UK နှင့် ဩစတြေးလျားမှ ကျွမ်းကျင် တက္ကသိုလ် ကျောင်းများ မဟုတ်ပါ။ ထိုသူကို သွန်သင် ပဲ့ပြင်သူမှာ ကောင်းကင် မိုးမြေ ကို ဖန်**ဆင်း**သော ဘုရားရှင် ကိုယ်တော်တိုင်ပင် ဖြစ်ပါသည်။

[သူ သွားရာလမ်းကို နှစ်သက်တော်မူ၏] လောကမှာ popular ဖြစ်ခြင်း လူကြိုက် များခြင်း **ဆို**တဲ့ ဂုဏ်ပုဒ်ကလဲ အလွန်အရေးပါ ပါတယ်။ အားလုံး ကြားဖူးနေကျ ပုံပြင်လေး တစ်ခုကို ဒီနေရာမှာ ပြန်ရေးသားရရင် နာမည်ကြီးချင်လို့ အ**ဆို** ပြိုင်ပွဲမှာ သီချင်းတက်ပြိုင်တဲ့ ကောင်မလေးဟာ သီ**ဆို**မှု ပြီးတော့ ပရိတ်သတ်က ဘယ်သူမှ လက်ခုပ် မတီးကြဘူးတဲ့။ ဘယ်ပရိတ်သတ်မှ သူ့ကို မကြိုက်ဘူး။ ဒါပေမဲ့ သူ့ကို အားပါးရ လက်ခုပ်တီး အားပေးတဲ့ သူက အဖိုးကြီး တစ်ယောက် ဘဲ ရှိတယ်တဲ့။ အဲဒီ အဖိုးကြီးဟာ သီချင်း**ဂီ**တ နဲ့ ပါတ်သက်ရင် တစ်ဖက်ကမ်း ခတ် နားလည်တတ်ကျွမ်းတဲ့ **ဂီ**တဘိုးအေကြီး ပါဘဲ။ အခြား နလပိန်းတုံး ပရိတ် သတ်တွေ အားလုံးက သူ့ကို မကြိုက်ပေမဲ့ တန်ဖိုးရှိတဲ့ **ဂီ**တ ပညာရှင်ကြီးရဲ့ ချီးကျူး နှစ်သက် အားပေးခြင်းကို ခံခဲ့ရတဲ့ ကောင်မလေးဟာ ပိုပြီး အားရ ကျေ နပ်ခဲ့ပါသတဲ့။ အခုလဲ ထိုသူ တည်းဟူသော ကောင်းသောသူ သွားရာ လမ်းကို နှစ်သက်တော်မူသော သူမှာ နလပိန်းတုံးများ မဟုတ်ဘဲ။ ဘုရားရှင် ကိုယ်တော် တိုင် ဖြစ်ပါတယ်။

[ထိုသူသည်] - လောကမှာ လူအမျိုးမျိုး ရှိပါတယ်။ သာမာန်လူ၊ အရာရှိ။ စစ်ဗိုလ်။ သူနာပြု။ အင်ဂျင်နီယာ။ လက်သမား - - စသဖြင့် ရှိကြပါတယ်။ အခု ကျနော် ဖေ့ ချင်တဲ့ "ထိုသူ" ကတော့။ ဘုရားသခင် ရွေးကောက်၍ သခင်ယေရှု ခရစ် အသွေးတော်နှင့် ဝယ်ယူထားပြီးသူ။ ကယ်တင်ခြင်း ရရှိထားပြီး သူကို **ဆို**လို ချင်တာပါ။

[လဲသော်လည်း] - လမ်းလျှောက် တတ်ခါစ ကလေးငယ်များ အကြိမ်ကြိမ် ချော်လဲ တတ်ကြပါတယ်။ ဘာဖြစ်လို့လဲ **ဆို**တော့ ကလေး ရဲ့ သဘာဝက လမ်း တစ်ခါမှ မလျှောက်ဖူးလို့၊ ခြေထောက် မခိုင်လို့။ အားနည်းနေလို့ စတဲ့ အချက် တွေကြောင့် မကြာခန ချော်လဲ ကျတတ်ကြပါတယ်။ အိုလံပစ် အားကစား ပွဲတော် မှ ကျွမ်း ချန်ပီယံ နိုင်ငံ့လက်ရွေးစင် အပြေးသမားကြီးများ၊ အားကစား သမားကြီး များ ပင်လျှင် အကြိမ်ကြိမ် လေ့ကျင့်ထားပါလျက် ပြိုင်ပွဲများတွင် လဲကျ သွားလေ့ ရှိပါတယ်။ စိတ်ပရမ်းပတာ လှုပ်ရှားခြင်း။ ကိုယ်ခန္ဓာ ကြံ့ခိုင်မှု မရှိခြင်း။ အားနည်း ခြင်း။ ကံမကောင်း အကြောင်းမလှခြင်း စသည့် အကြောင်းပြချက် အမျိုးမျိုး ကြောင့် ချော်လဲ ကျတတ်လေ့ ရှိပါတယ်။ ယုံကြည်သူ ဖြစ်သော ဘုရား သား သမီး များလဲ ဝိညာဉ်ရေးရာပိုင်းတွင် ချော်လဲ တတ်လေ့ ရှိကြပါသည်။

[**ဆုံး**ရာသို့ မရောက်ရ] - ပျက်စီးခြင်း မဖြစ်။ လုံးလုံး မ**ဆုံး**ရှုံး။ သဲထဲ ရေသွန် သကဲ့သို့ မဖြစ်ဘူး လို့ အဓိပ္ပါယ် **ကောက်ယူလို့ ရပါတယ်။ ထိုသို့ ချော်လဲ သောအခါတွင် လုံးလုံး ပျက်စီးခြင်း မရောက်ခဲ့ပါ။**

**[ဘုရားရှင် စောင့်ထိန်းမှုမည်။] - နိုင်ငံ့ အကြီးအကဲများ။** ကျွမ်းကျင် သရုပ် **ဆောင်**များ။ သန်းကြွယ် သူဌေးကြီးများ အနီးနားတွင် လုံခြုံရေးအတွက် လိုင်စင်ရ အသတ် အပုတ် ကျွမ်းကျင်သူ။ သွက်လက် ဖျတ်လတ်သူ သက်တော်စောင့်များ စောင့်ကြပ် လေ့ ရှိပါသည်။ စောင့်ထိန်းခံရသူအတွက် အလွန် လုံခြုံစရာ ကောင်း လှပါသည်။ ယခု ယုံကြည်သူ ဘုရား သားသမီးကို စောင့်ထိန်းမည့် သူမှာ အသတ် အပုတ် ကျွမ်းကျင်သူ သာမာန် သက်တော်စောင့် မဟုတ်ပါ။ အနန္တ တန်ခိုးရှင် ဘုရားသခင် ကိုယ်တော်တိုင် စောင့်ထိန်းတော်မူမှာ ဖြစ်ပါတယ်။

[လက်တော်ဖြင့်] - လက်တော်ဖြင့် စောင့်ထိန်းခြင်း ဖြစ်သည်။ အချို့ သူများက မျက်စိဖြင့်၊ ပါးစပ်ဖြင့်သာ စောင့်ထိန်း **ဆုံး**မ တတ်ကြပါသည်။ နင့်ကို ငါ စောင့် ကြည့် နေတယ်နော် ဟု **ဆို**ကာ မျက်စေ့ ဒေါက်ထောက် ကြည့်နေသော်လဲ လက် က အလုပ် မလုပ်ပါ။ အချို့က ပါးစပ်ဖြင့် ပြောကာ သတိပေးကာ စောင့် ထိန်း တတ်သည်။ သို့သော် လက်က အလုပ် မလုပ်ပါ။ ဘုရားရှင်က လက်တော်ဖြင့် စောင့်ထိန်း မည်ဟု **ဆို**ထားပါသည်။ လက်တော်ဖြင့် စောင့်ထိန်းခြင်းသည် ပါးစပ်၊ မျက်စေ့ တို့နှင့် စောင့်ထိန်းခြင်းထက် သာလွန်ပါသည်။ လက် က ကောင်းရာ ကို ညွှန်ပြ၊ မကောင်းရာကို ကာ**ဆီး** တားမြစ် တတ်ပါသည်။ ကူမ ကယ်မ ဖေးမ နိုင်စွမ်း ရှိပါသည်။ လက်ဖြင့် ထွေးပွေ့ နိုင်ပါသည်။ လက်ဖြင့် ပေးကမ်း နိုင်ပါ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၅ ဇန်နဝါရီလ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ဂျနီဘာ ထုတ်ဝေသည်။

သည်။ ထို့ကြောင့် ထိုသူ ကို ဘုရားက ပါးစပ် သက်သက်၊ မျက်စေ့ သက်သက် ဖြင့် စောင့်ထိန်းခြင်း မဟုတ်ဘဲ လက်တော်တည်းဟူသော ဘက်စုံ ထောက်ပံ့ နိုင်သည့် ကိုယ် အင်္ဂါ ဖြင့် စောင့်ထိန်းခြင်း ဖြစ်ပါသည်။

ကျနော်တို့ လောကတွင် နေထိုင်စဉ် ကောင်းသော သူ၏ ခြေရာ ဘုရားရှင် ပဲ့ပြင်၍ သူ သွားရာလမ်းကို နှစ်သက်မှု၏ ထိုသူသည် လဲသော်လဲ **ဆုံး**ရာသို့ မရောက်ရ။ ဘုရားရှင် စောင့်ထိန်းမှုမည် လက်တော်ဖြင့်။ ဟူသော စကားကို လက်တွေ့ အကောင်အထည် ဖော်ကြပါစို့။ ။ မင်းအောင်သက်လွင်

---



# သက်သေခံခြင်းအပိုင်း-၁

**သက်သေခံခြင်းအပိုင်း - ၁** *Lady Moo*

ကျမ အသက်တာမှာ ဘုရား ကောင်းကြီး တွေ အများကြီး ခံစား ရပါတယ်။ ဒါတွေ ကို ကျမ တစ်ခါတစ်လေ မေ့နေတတ် ပါတယ်။ ဒါပေမဲ့ ကျမ တို့ ကိုးကွယ်တဲ့ ဘုရား ဟာ အရမ်း ကောင်းမြတ် ပါတယ်။ ကျမ တို့က သူ့ကို မေ့နေ သော်လဲ သူက သူ့သားသမီး တွေကို မမေ့ဘဲ အမြဲ ကောင်းကြီးပေးတဲ့ ဘုရား ဖြစ်ပါတယ်။ အသက်ရှင်တဲ့ ဘုရား၊ အရမ်း ကောင်းမြတ်တဲ့ ဘုရား ဖြစ်ပါတယ်။ ကျမ တို့က တစ်ခါတစ်လေ လောကီ အရာတွေနဲ့ဘဲ အချိန်ကုန် နေကြပါတယ်။

ဒီ အရာနဲ့ ပါတ်သက်ပြီး အနည်းငယ် သက်သေ ခံချင်ပါတယ်။ ကျမ စင်ကာပူ ကို ၂၀၀၇ ခုနှစ်မှာ ရောက်လါပါတယ်။ အသက် ၂၀ နှစ်ပါ။ ကျောင်းတက် ပါတယ်။ ကျောင်းပိတ်ရက်တွေမှာ အလုပ် part-time လုပ်ပါ တယ်။ ကျောင်းပိတ်ရက် စနေ တနင်္ဂနွေမှာ အလုပ် လုပ်တဲ့အတွက် တစ်ခါ တစ်လေ ဘုရားကျောင်း မတက်ဖြစ်ခဲ့ပါဘူး။ အိမ်က မိသားစုတွေက ဘုရားကျောင်း အတူတူ တက်ဖို့ခေါ်ရင် အလုပ်ရှိတယ်လို့ အကြောင်း ပြပြီး ဘုရားကျောင်း မရောက်ဖြစ်ခဲ့ပါဘူး။ ဒီလိုနဲ့ နေလာလိုက်တာ၊ ၂၀၁၂ ခုနှစ်မှာ ကျောင်းပြီး ပါတယ်။ ၂၀၁၃ ခုနှစ်မှာ full-time အလုပ် စလုပ်ဖြစ်ခဲ့ပါတယ်။ full-time အလုပ် retail ဖြစ်တဲ့အတွက် week end မှာ off ယူလို့ မရပါဘူး။ ဒီလိုနဲ့ ဘုရားကျောင်း မရောက်ဖြစ်ခဲ့တာ အကြာကြီး ကြာခဲ့ပါတယ်။ ဘုရားကျောင်း ရောက်ပြန် တော့လဲ **ဆု**တောင်း၊ ကျမ်းစာဖတ်ခြင်းကိုလဲ ဘာတစ်ခု မှ မလုပ်ဖြစ်ခဲ့ ပြန်ပါဘူး။ ဒီလိုနဲ့ နှစ်တွေ ကြာလာတော့ ဂိညာဉ်ရေးရာမှာ အားနည်း လာပါ တယ်။ စုံစမ်းနှောက်ယှက်ခြင်းတွေ ဝင်လာပါတယ်။ ဒီလို ဝင်လာတဲ့ အခါကျမှ ဘုရားကို ပြန်သတိရမိပါတယ်။ ကျမ်းစာ ပြန်ဖတ်တယ်။ **ဆု**တောင်းတဲ့ နည်းတွေနဲ့ ဖြေရှင်းတယ်။ အရာ အားလုံး ပြန်ပြေလည်သွားပါတယ်။ ပြဿနာ တွေ ပြီးသွားတော့ ကျမ်းစာ ပြန်မဖတ်။ **ဆု** ပြန် မတောင်းတော့ဘဲ အရင်လို ပြန်ဖြစ် သွားပြန်ပါတယ်။ ဒီလိုနဲ့ ကျမရဲ့ ခရစ်ယာန် အသက်တာက သံသရာတွေ လည်နေ တယ်။ တစ်နေ့၊ ၂၀၁၆ ခုနှစ်မှာ ဘုရားကို **ဆာ**တော် လာခဲ့ ပါတယ်။ ဘုရားကို ပြန်ရှာခဲ့ပါတယ်။ ဘယ်လောက် အထိ **ဆာ**တော် သလဲ **ဆို**ရင် ကိုယ် နားထောင် နေတဲ့ gospel song တိုင်းက ကိုယ့်ကို ပြောနေသလို ခံစားရပါတယ်။ သူနဲ့ worship လုပ်တိုင်း ဝမ်းနည်းပြီး ငိုခဲ့ရတာယ်။ အဲဒီ အချိန်က စပြီး ဘုရားကို ပြန်ရှာလာတယ်၊ ကျမ်းစာတွေ ပြန်ဖတ် ဖြစ်တယ်။ ပျောက် သော သိုးလို သူ့ ခြေတော် ရင်းကို ပြန်ဝင် လာဖို့ ကြိုးစား ခဲ့ပါတယ်။ သူ့ကို ခေါ်တယ်။ ငါ့ကို ခေါ်လော့ ငါထူးမည်။ **ဆို**တဲ့အတိုင်း ခေါ်ကြည့်ပါ။ သင့်ကို ထူးပါ လိမ့်မယ်။ ကိုယ်တော် မပါဘဲ လျှောက်တဲ့ လမ်းခရီး တွေက ပင်ပန်း ပါတယ်။ ဒါကို ကျမတို့ အားလုံး သိကြ ပါတယ်။ ဒါပေမဲ့ လူ့ သဘော သဘာဝ အရ၊ ငါ **ဆို**တဲ့ အတ္တစိတ် လေးတွေ ကျမ တို့ တစ်ယောက်စီရဲ့ စိတ်ထဲမှာ ကိန်းအောင်း နေတတ်ကြ ပါ တယ်။ ဒါ့ကြောင့် ကျမတို့က တစ်ခါတစ်လေ မေ့နေ ကြတာ ဖြစ်ပါတယ်။ ဒါပေမဲ့ သူက ကျမတို့ကို ဘယ်တော့မှ မမေ့ပါဘူး။ ကျမ တို့အတွက် သူအမြဲ စဉ်းစား ပေးတယ်။ စီစဉ်ပေးတဲ့ ဘုရား ဖြစ်ပါတယ်။ ကိုယ်တော် မပါရင် ကျမတို့ ဒီနေ့ ဒီအချိန်မှာ ဒီလို ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ ဒါကို သင် လက်ခံပါသလား။ ကျမ ကတော့ လက်ခံပါတယ်။ ကိုယ်တော် မပါတဲ့ မိရိုးဖလာ ခရစ်ယာန်နဲ့ ကျမ အသက်ရှင် ခဲ့တယ်။ အို - ငါ ခရစ်ယာန် **ဆို**ပြီး ပေါ့ပေါ့တန်တန် အသက်ရှင် ခဲ့တယ်။ အဲ့ဒီ အချိန်တွေ အတွက် ကျမ အရမ်း နှမြောမိတယ်။ ဘာလို့လဲ **ဆို**တော့ သူက ကျမတို့ကို ခရစ်ယာန် အဖြစ် ရွေးနုတ်ထားတယ် **ဆို**တာ သူ့ ဘုန်းတော် ထင်ရှားဖို့ ဖြစ်တယ်။ ဒါတွေကို ကျမတို့ နားမလည်တဲ့ အခါမှာ ကိုယ်လုပ် ချင်တာ လုပ်ပြီး၊ လောက အရာတွေနဲ့ဘဲ အချိန်တွေ ကုန်ခဲ့တယ်။ ကျမရဲ့ အသက်တာမှာ ဒီလောက အရာတွေ နောက်ကို လိုက်ခဲ့လို့ မလုပ်သင့် တာတွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ ကျမတို့ ကိုးကွယ်တဲ့ ဘုရားက၊ ကျမတို့ ကို ပစ် မထား ပါဘူး။ ကျမတို့ သူ့ ခြေတော်ရင်းကို ပြန်တိုးဝင်မဲ့ အချိန်ကို သူ စောင့်နေ ပါတယ်။ ကျမတို့ ကျမ်းစာ မဖတ်။ **ဆု** မတောင်း၊ ဘုရားနဲ့ ဝေးနေတဲ့ အတွက် စာတန် အလုပ် လုပ်ရတာ အရမ်း လွယ်ကူပါတယ်။ ထို့အတွက်ကြောင့် ကျမ တို့ စုံစမ်းခြင်းမှ ကင်းဝေးဖို့ ကျမ်းစာဖတ်၊ **ဆု**တောင်းရန် လိုအပ်ပါတယ်။ ကျမ အသက်တာမှာ ဘုရား ဘုန်းတော် ထင်ရှားဖို့အတွက် ဘုရားက ကျမ တို့ကို ခရစ်ယာန် အဖြစ် ရွေးနုတ်ထားတယ် **ဆို**တာ သိလိုက်ရတဲ့ အချိန်မှာ အရမ်း နောင်တ ရပြီး ဝမ်းနည်းလာတယ်။ ဘာလို့လဲ **ဆို**တော့ ကျမ လုပ်ခဲ့တဲ့ အရာတွေက ဘုရား ဘုန်းတော် မထင်ရှားတဲ့ အပြင် ခရစ်ယာန် **ဆို**တဲ့ ပုံသက်သေ ကောင်းလဲ မပြနိုင်ခဲ့ပါဘူး။ ထို့အတွက်ကြောင့် ညီအစ်ကို မောင်နှမ များကို ခွန်အား ပေးချင်တာကတော့ အချိန် မလွန်ခင် သခင့်ရဲ့ ခြေတော်ရင်းသို့ ပြန် တိုးဝင်ဖို့ ခွန်အားပေးချင်ပါတယ်။ ဖေက် ၁း၄ လေးနဲ့ ခွန်အား ပေးချင် ပါတယ်။ ကျမရဲ့ စုံစမ်းနှောက်ယှက်ခြင်းတွေကိုတော့ " Lady Moo သက်သေခံ ခြင်း အပိုင်း ၂" မှာ **ဆ**က်လက်ပြီး သက်သေ ခံပါအုံးမယ်ရှင်။ အယောက်စီတိုင်း ဘုရားသခင် ကောင်းကြီး ပေးပါစေ။ ။ အာမင်။ Lady Moo

---

## ငါ့သိုး [ကာတွန်း - မင်းအောင်သက်လွင်]

(အခြေပြုကျမ်း- ယေဇကျေလ - ၃၄း၁-၃၁
သင်တို့သည် သိုးနို့ကို စားကြ၏ ဆူဖြိုးသော သိုးတို့ကိုလည်း သတ်ကြ၏။ သို့ရာတွင် အားနည်းသော သိုးတို့ကို မ မစကြ။ နာသော သိုးတို့ကို ဆေး မကုကြ။ အရိုးကျိုးသော သိုးတို့ကိုအဝတ်နှင့် မစည်းကြ။ ပျောက်သော သိုးတို့ကိုမရှာကြ။ ငါ့သိုးများကို သူတို့၌ ငါတောင်း၍ သိုးထိန်းအရာကို နှုတ်မည်။ )






သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၈၅ ဇန်နဝါရီလ ၂၀၁၇ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ချိရန် ၈၅၀ ထုတ်ဝေသည်။